လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# ကရင်သက္ကရာဇ် ၂၇၄၈ ခုနှစ်၊ ကရင်နှစ်သစ်ကူးနေ့ သို့ပေးပို့သော သဝဏ်လွှာ

ကရင်သက္ကရာဇ် ၂၇၄၈ ခုနှစ်၊ ပြာသိုလဆန်း (၁) ရက်၊ ခရစ်နှစ် ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) နေ့တွင်ကျရောက်သော ကရင်နှစ်သစ်ကူးအခါသမယတွင် ပြည်တွင်းပြည်ပ နေရာဌာန အသီးသီးသို့ ရောက်ရှိနေကြသော ကရင်အမျိုးသားပြည်သူများထံသို့ ကျနော်တို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ မှ မင်္ဂလာနှုတ်ခွန်းဆက်သအပ်ပါသည်။

အဟောင်းမှအသစ်ကူးပြောင်းခြင်းသည် သဘာဝလောကတွင်လည်းကောင်း လူ့ဘောင်လူမှုဘဝတွင်လည်းကောင်း လွှဲရှောင်၍မရစကောင်းသော လောကဓမ္မတာ သဘောတရားတခုဖြစ်ပါသည်။ အဟောင်းတို့သည် ပြိုလဲပျက်စီးရပြီး၊ အသစ်အသစ်တို့သည် အားအင်သစ်ဖြင့် လောကအကျိုးကို သယ်ဆောင်ကြလိမ့်မည်သာ ဖြစ်သည်။ ယင်းသဘောကို မည်သူမျှ တားဆီး လွန်ဆန်နိုင်ခြင်းမရှိပါ။

ယနေ့ ကျနော်တို့ မြန်မာပြည်တွင်လူမျိုးပေါင်းစုံပြည်သူများကိုဖိနှိပ်အုပ်စိုးနေသော စစ် အာဏာရှင်စနစ်သည် ဟောင်းနွမ်းယိုယွင်းနေသော၊လူမျိုးပေါင်းစုံပြည်သူများကရွံရှာမုန်းတီး နေသောစနစ်ဆိုး၊ စနစ်ဟောင်း တစ်ခုသာဖြစ်ပါသည်။ ယင်း စစ်အာဏာရှင်စနစ်သည် အလိုလိုပြိုကျသွားလိမ့်မည်မဟုတ်ပါ။ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူများ၏ခိုင်မာသောသွေးစည်းညီညွတ်မှုစွမ်းပကားဖြင့်သာတွန်းလှန်ဖြိုချနိုင်ပြီးစစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်နှင့်စစ်မှန်သောပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်လိမ့်မည်ဟု ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ က မယိမ်းမယိုင်ယုံကြည်ပါသည်။

သို့ပါ၍ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်သစ်ကူးအခါသမယတွင်ကရင်အမျိုးသား ပြည်သူများသည် အခြားသော အဖိနှိပ်ခံဘဝတူလူမျိုးပေါင်းစုံပြည်သူများနှင့် ညီညွတ်စည်းလုံးစွာဖြင့် စစ်အာဏာရှင်စနစ်ကို ချေမှုန်းသုတ်သင်ပစ်နိုင်ရေးအတွက် သစ်လွင်ခိုင်မာသော ညီညွတ်ရေး ခြေလှမ်းသစ်များကို ချမှတ်လျှောက်လှမ်းနိုင်ပါစေကြောင်းတိုက်တွန်းအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်။